# အမေရိကန် စစ်သင်္ဘောများ ဘာကြောင့် ဝင်ခွင့်မပြုတာလဲ

အောင်ဇော် | ဇွန် ၆၊ ၂၀၀၈

အမေရိကန်ပြည်ထောင်စု ပင်တဂွန် စစ်ဌာနချုပ်၏ အကြီးအကဲ ရောဘတ်ဂိတ် (Robert Gate) က မြန်မာနိုင်ငံ၏ မုန်တိုင်းကပ်ဘေးဒဏ်သင့် ပြည်သူများကို အမေရိကန်စစ်သင်္ဘောများက ဝင်ရောက်ကူညီပေးရန် ခွင့်မပြုခဲ့ခြင်းအပေါ် မြန်မာ စစ်အာဏာပိုင်များအနေဖြင့် နားပင်းနေသည်၊ မထုံတက်တေးနေသည်ဟု စွပ်စွဲခဲ့သည်။ ဤသို့ ဖော်ပြပြောဆိုခဲ့ချက်က မှားယွင်းနေပါသည်။

မြန်မာနိုင်ငံကို သက်ဦးဆန်ပိုင်ဆန်ဆန် အုပ်ချုပ်နေသည့် စစ်ဘုရင်များသည် နားပင်းနေခြင်း၊ မထုံတက်တေးနေခြင်း မဟုတ်ပါ။ အမှန်တွင် နိုင်ငံရေး အတွင်းကြေဒဏ်သင့်ခံထားရသည့် ၎င်းဗိုလ်ချုပ်များက စိုးရိမ်ကြောက်ရွံ့နေကြခြင်းဖြစ်ပြီး၊ သူတို့ကိုယ်သူတို့ အရေးပါနေသည်၊ သူတို့သာ တိုင်းပြည်အာဏာကို စွန့်လွှတ်လိုက်ပါက နိုင်ငံကြီး အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားနိုင်သည်ဟူသည့် ထင်တလုံး ဘဝင်ဖြင့် နေထိုင်နေကြခြင်း ဖြစ်သည်။

အချို့သော လေ့လာသုံးသပ်သူများကလည်း အလားတူ ဖော်ပြခဲ့ကြပါသည်။ မုန်တိုင်းကပ်ဘေးသင့် ပြည်သူများကို အမေရိကန် စစ်သင်္ဘောများက ကယ်ဆယ်ခွင့် ငြင်းပယ်ခံရသည့် ယခုကိစ္စသည် ကိုလိုနီအတိတ်နှင့်သော်လည်းကောင်း၊ လက်ရှိ ဗိုလ်ချုပ်များ ကိုင်စွဲထားသည့် နိုင်ငံခြားသား မုန်းတီးရေး အယူအဆများနှင့် လားလားမျှ ပတ်သက်ခြင်း မရှိပါ။

မြန်မာ စစ်ဗိုလ်ချုပ်များ စိုးရိမ်ကြောင့်ကြနေသည့်ကိစ္စမှာ အကယ်၍ အမေရိကန်စစ်သင်္ဘောများနှင့် နိုင်ငံခြားတပ်ဖွဲ့များကို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ကပ်ဘေးသင့်ပြည်သူများကို ဝင်ရောက်ကယ်ဆယ်ရန် ဝင်ခွင့်ပြုလိုက်ပါက၊ လူထု များက သူတို့အားကိုးနှင့် အုံကြွဆန့်ကျင်လာကြပြီး စစ်အစိုးရကို ဖယ်ရှားလိုက်မည်ကို စိုးရိမ်နေခြင်းပင် ဖြစ်သည်။ ဤအကြောင်း တရားကြောင့်ပင် ဗိုလ်ချုပ်သန်းရွှေဦးဆောင်သည့် စစ်အုပ်စုက အမေရိကန်များကို ဝင်ခွင့်မပြုခဲ့ခြင်း ဖြစ်သည်။

အမေရိကန်တို့က လူသားချင်းစာနာမှုကိစ္စသက်သက်ဖြင့်သာ ဝင်ရောက်လာခြင်း ဆိုသည်ကို မြန်မာစစ်ဗိုလ်ချုပ်များက အမှန်တကယ် စိတ်ထဲတွင် ယုံကြည်ထားနိုင်ပါသည်။ သူတို့ မယုံကြည်သည်က သူတို့၏ လူထုများကိုယ်တိုင်ကိုပင် ဖြစ်သည်။ ဝင်ရောက်လာကြသည့် နိုင်ငံခြားတပ်ဖွဲ့များကို မြန်မာလူထုက အားကိုး၍ အုံကြွနိုင်ပြီး စစ်အစိုးရ၏ နောက်ဆုံးနေ့ များ ဖြစ်သွားနိုင်ပါသည်။

ဆိုကြပါစို့။ ဧရာဝတီမြစ်ဝကျွန်းပေါ်သို့ ဝင်ရောက်လာကြသည့် အမေရိကန် ကမ်းတက်တပ်ဖွဲ့များနှင့် ဝန်ထမ်းများကို စိတ်ပျက်အားငယ်နေကြသည့် ပြည်သူများက သောင်းသောင်းဖြဖြ လက်ကမ်းကြိုဆို၍ သူတို့မုန်းနေကြသည့် နေပြည်တော်ရှိ စစ်အစိုးရကို ဖြုတ်ချပေးရေး တိုက်တွန်းကြမည့် အနေအထားကို မြင်ယောင်ကြည့်နိုင်ပါသည်။ ကယ်ဆယ်ရေး တာဝန်ဖြင့် ဝင်လာကြမည့် တပ်များက ချက်ချင်းဆိုသလို အစိုးရပြောင်းလဲရေး ဆောင်ရွက်မည့် အင်အားစုများ ဖြစ်လာနိုင်ပြီး၊ သန်းရွှေစစ်အစိုးရကို ဆန့်ကျင်ကြမည့် လူထုအုံကြွမှုကို ထောက်ခံပံ့ပိုးပေးမည့် အင်အားစုများ ဖြစ်လာနိုင်ပါသည်။

သို့သော်လည်း စစ်အစိုးရအနေဖြင့် USS Exxes က ဦးဆောင်လာသည့် အမေရိကန်စစ်သင်္ဘောများကို ကြောက်ရွံ့နေရန်

အကြောင်း မရှိပါ။ သူတို့ ပြန်ထွက်ခွာသွားကြပြီ ဖြစ်သည်။ အကူအညီ ကုန်ချိန် တန် ၁,၀၀၀ ကျော် တင်ဆောင်ထားသည့် ပြင်သစ်စစ်သင်္ဘော မစ် (စ်) ထရယ် (Mistral) လည်း မြန်မာ့ရေပိုင်နက်အနီးမှ ခွာ၍ သွားခဲ့ရပါသည်။ သူတို့က မုန်တိုင်း ဒဏ် ဆိုးဆိုးရွားရွား ခံစားခဲ့ ကြရသည့် ပြည်သူများကို ကုန်ပစ္စည်းများ တိုက်ရိုက်ချပေးခွင့် မပြုခဲ့သည့် မြန်မာအစိုးရ၏ သဘောထားအပေါ် အံ့သြ တုန်လှုပ်မိကြောင်း ပြောဆိုခဲ့သေးသည်။

ယခုရှိနေသည့် အမေရိကန်ရေတပ်ရေယာဉ်များတွင် ကမ်းတက်ရေယာဉ် ၃ စီးပါဝင်ပြီး၊ ကုန်ပစ္စည်းကြီးများ တင်ချနိုင်သည့် ရဟတ်ယာဉ်ကြီး ၂၂ စီး ပါဝင်သည့် ဥSS Essex စစ်သင်္ဘောကြီးလည်း ရှိနေပါသည်။ ထိုမျှမက အခြားကမ်းတက် ယာဉ်ငယ်များလည်း ရှိနေကြပါသည်။ အမေရိကန် စစ်ရဟတ်ယာဉ်များကိုလည်း မြန်မာ့လေပိုင်နက်အတွင်း ပျံသန်းခွင့်ကို ငြင်းပယ်ခဲ့သော်လည်း၊ ထိုင်းနိုင်ငံ အူတာပေါင်လေဆိပ်မှ ရန်ကုန်လေဆိပ်သို့ အကူအညီပစ္စည်းများ သယ်ပို့ပေးရန် စီ-၁၃၀ အမျိုးအစား ကုန်တင်လေယာဉ်အချို့ကို ခွင့်ပြုခဲ့ပါသည်။ ဤအနေအထားကပင် စစ်အစိုးရ၏ ခွဲခြားကျင့်သုံးနေသည့် မူဝါဒကို သိသာထင်ရှားစေပါသည်။

အရပ်သား အကူအညီပေးရေးဝန်ထမ်းများကိုသာ မုန်တိုင်းသင့်ဒေသများတွင် ခွင့်ပြုမည်ဟု စစ်အစိုးရ ခေါင်းဆောင်များက ဆိုခဲ့ပါသည်။ သို့သော် ဤနှုတ်ကတိကိုပင် အပြည့်အဝ လိုက်နာဖြည့်ဆီးပေးခြင်း မရှိသေးပါ။

စစ်အစိုးရ၏ ယခုအပြုအမူကို "ရာဇဝတ်မှုသင့်စေသည့် လျစ်လျူရှုမှု" ဟု ရောဘတ်ဂိတ်က ဖော်ပြစွပ်စွဲခဲ့ပြီး၊ မြန်မာစစ်အစိုးရထံသို့ ၁၅ ကြိမ်ထက်မနည်း ကမ်းလှမ်းခဲ့သည်ဟု ဆိုပါသည်။ ဥSS Essex သင်္ဘောမှ ရဟတ်ယာဉ်များကို အကူအညီပေး ရေးပစ္စည်းများ သယ်ချပို့ဆောင်ခွင့်ပြုရန် တောင်းခံခဲ့ခြင်းသာ ဖြစ်သည်။ သို့သော် ကမ်းလှမ်းမှုများအားလုံးကို စစ်အစိုးရက ပယ်ချခဲ့ပါသည်။ စစ်အစိုးရ ဆက်လက်ခေါင်းမာနေပါက ပြည်သူထောင်ပေါင်းများစွာ သေကြေကြရလိမ့်မည်ဟု ဂိတ်က ပြောခဲ့ပါသည်။

အမေရိကန် ကယ်ဆယ်ရေး စစ်အဖွဲ့ကို ဝင်ခွင့်ပြု၍ အမှန်တကယ် ကပ်ဘေးသင့်နေရသည့် ပြည်သူများကို ကယ်ဆယ်ခွင့်ပြုလိုက်သည်ထက်စာလျှင်၊ ယခုလို မထုံတက်တေးနေ၍ မုန်တိုင်းသင့် ရွာသား ထောင်ဂဏန်းအချို့ကို သေဆုံးစေလိုက်သည်ကမှ ဗိုလ်ချုပ်သန်းရွှေအတွက် ပို၍ လုံခြုံမှု ရှိပါသည်။

မြန်မာပြည်သူ သန်းပေါင်းများစွာက အမေရိကန်စစ်သင်္ဘောများ အလာကို စောင့်ကြိုနေကြသည်ကို ဗိုလ်ချုပ်သန်းရွှေ ကောင်းကောင်း သိထားပါသည်။ မြန်မာပြည်သူများက စစ်သင်္ဘောများ သယ်ဆောင်လာမည့် ရိက္ခာ အကူအညီများ သက်သက်မျှကိုသာ စောင့်မျှော်နေကြခြင်း မဟုတ်ပါ။

၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကာလတွင် မြန်မာစစ်အာဏာပိုင်များက စက်တင်ဘာလ ၁၂ ရက်နေ့ နံနက်၌ Coral Sea အမည်ရ လေယာဉ်တင်သင်္ဘော အပါအဝင် အမေရိကန် ရေတပ်စစ်သင်္ဘော ၅ စီးကို မြန်မာ့ရေပိုင်နက်အနီး ရောက်ရှိလာခဲ့သည် ဆိုပြီး၊ အမေရိကန် သံရုံးကို စောဒကတတက် ကန့်ကွက်ခဲ့ပါသေးသည်။ စစ်တပ်အာဏာသိမ်းမှု မဖြစ်ပွားမီ ၆ ရက်အလိုတွင် ဤသို့ ဝင်လာခဲ့ကြသည်ဟု ဆိုသည်။

ဤသို့ နိုင်ငံခြား စစ်သင်္ဘောများ တွေ့ရသည့် လက္ခဏာကို ယခင်အာဏာရှင်ဟောင်း ဗိုလ်ချုပ်နေဝင်းအပါအဝင် မြန်မာစစ်ခေါင်းဆောင်များက အလွန်အမင်း စိုးရိမ်မှု ရှိကြပါသည်။ သို့သော်လည်း ၁၉၇၀ ခုနှစ်ကာလများက ဦးနေဝင်းသည်

အမေရိကန်ပြည်ထောင်စုထံမှ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးနှင့် ကွန်မြူနစ်သူပုန်များကို နှိမ်နင်းရေးအတွက် ရဟတ်ယာဉ်များအပါအဝင် စစ်ရေးအကူအညီများကို ရရှိ ခံစားနိုင်ခဲ့ကြပါသေးသည်။

၎င်းအတိတ်ကာလများက မြန်မာနိုင်ငံအနေဖြင့် စစ်အရာရှိများကို အမေရိကန်ရှိ စစ်တက္ကသိုလ်ကျောင်းများသို့ ပို့ဆောင်၍ လေ့ကျင့် သင်ယူစေနိုင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ တရားဝင်မူဝါဒအရ ဆိုလျှင် ပဋိပက္ခဖြစ်နေသော အနေအထားမှလွဲ၍ ကျန်ကာလများတွင် အမေရိကန်များကို ကြိုဆိုသည့်သဘောထားရှိပြီး ယခုတိုင်လည်း ဤမူကို ဆက်လက်ကိုင်စွဲထားဆဲဖြစ်ပါသည်။

ဤမူအရ ၁၉၈၈ ခုနှစ် လူထုအုံကြွမှုကာလ၊ မငြိမ်မသက်ဖြစ်နေစဉ်တွင် အမေရိကန်သံရုံးရှိ ၎င်းတို့၏ဝန်ထမ်းများကို ကယ်ဆယ်ထုတ်သွားနိုင်ရေး အတွက် စီ-၁၃၀ အမျိုးအစား ကုန်တင်ယာဉ်တစီး မြန်မာပြည်သို့ ဆင်းသက်ခွင့်ပြုရန် တောင်းဆိုချက်ကို မြန်မာစစ်ခေါင်းဆောင်များက ငြင်းဆန်ခဲ့ကြဖူးပါသည်။

ထိုအချိန်က ကောလာဟလများလည်း ထွက်ပေါ်နေခဲ့ပါသည်။ မြန်မာနိုင်ငံရှိ ဒီမိုကရေစီအင်အားစုများကို အကူအညီပေးရေးအတွက် အမေရိကန် စစ်သင်္ဘောများ လမ်းတွင် လာနေကြပြီဟု လူအများက ပြောဆိုနေခဲ့ကြပါသည်။ ဤကောလာဟလများကြောင့်ပင် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက် စစ်အာဏာသိမ်းမှုအပြီးတွင် ထောင်နှင့်ချီသည့် မြန်မာပြည်သူ များ နယ်စပ်ဒေသနှင့် တောတွင်းသို့ ထွက်ခွါ၍ လက်နက်ကိုင်တိုက်ရန် ကြိုးပမ်းခဲ့ကြခြင်း ဖြစ်သည်။ သို့သော်လည်း ဤကောလာဟလများမှာ အမှန် မဖြစ်ခဲ့ဘဲ စိတ်ကူးယဉ်သက်သက်မျှသာ အဖြစ်ရှိခဲ့ပါသည်။ အမေရိကန် စစ်သင်္ဘောများကလည်း အမှန်တကယ် ရောက်ရှိမလာခဲ့ကြပါ။

ဤအဖြစ်မှ နှစ် ၂၀ ကြာသည့်ကာလတိုင် မြန်မာပြည်သူများက စစ်သင်္ဘောများကို စောင့်မျှော်နေကြဆဲ ဖြစ်သည်။ ယခုတကြိမ်တွင်မူ လူသားချင်းစာနာသည့် အကူအညီများ ပေးပို့နိုင်ရန်အတွက် ဖြစ်သည်။ သို့သော်လည်း ကြေကွဲဖွယ်ကိစ္စမှာ ယခုတကြိမ်တွင်လည်း ဤသင်္ဘောများ အမှန်တကယ် ရောက်မလာဘဲ စိတ်ကူးယဉ်သဖွယ်သာ ဖြစ်ခဲ့ရခြင်း ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုက ၂၀၀၃ ခုနှစ်တွင် အီရတ်သို့ ကျူးကျော်တိုက်ခိုက်ခဲ့ရာ၌ မြန်မာပြည်သူများ အကြား၌ အချင်းချင်း တီးတိုး ရယ်စရာ ပြောခဲ့ကြသေးသည်။ " စိန်ပြီးလျှင် ရွှေလာလိမ့်မည်" ဟု ဆိုခဲ့ကြသည်။ အီရတ်အာဏာရှင် ဆက်ဒမ်ဟူ (စိန်) ပြီးလျှင်တော့ မြန်မာစစ်အာဏာရှင် ဗိုလ်ချုပ်မှူးကြီး သန်း (ရွှေ) အလှည့်ကျလာမည်ဟု ရည်ညွှန်းပြောဆိုကြခြင်း ဖြစ်သည်။

ယခုတကြိမ်တွင်လည်း ကောလာဟလအသစ်တခုက လူအများ ပါးစပ်ဖျားတွင် ရေပန်းစားနေပြန်ပြီ ဖြစ်သည်။

လူအများက စိတ်ပျက်အားလျှော့စွာဖြင့် ကောင်းကင်ပေါ်သို့ မော့ကြည့်၍ လေယာဉ်များမှ ကျဆင်းလာမည့် အကူအညီပစ္စည်းများ စောင့်မျှော်နေကြစဉ်တွင် အကြံပေးနက္ခတ်ဗေဒင်ဆရာတဦးက ဗိုလ်ချုပ်သန်းရွှေကို ပြောလာသည်ဟု ဆိုပါသည်။ အကယ်၍ ယူနီဖောင်းဝတ် လူဖြူတဦးသာ မြန်မာ့မြေပေါ်သို့ ဆင်းသက်လာခဲ့ပါက စစ်အစိုးရ ချက်ချင်းပြိုကွဲရမြဲမည်ဟု ဆိုပါသည်။ ဤအကြောင်းကြောင့်ပင် ဗိုလ်ချုပ်သန်းရွှေက အမေရိကန်ရေတပ်များ အကူအညီပေးလာမည့် ကိစ္စ ကို ငြင်းဆန်နေခြင်း ဖြစ်ပါသည်။ သူနှင့်အတူ ဗေဒင်နက္ခတ်အယူသည်းလှသည့် ၎င်း၏ဇနီး ဒေါ်ကြိုင်ကြိုင်ကလည်း ထောက်ခံတိုက်တွန်းပေးနေပုံ ရပါသည်။

ကမ်းတက်ရေယာဉ်များနှင့် ရဟတ်ယာဉ်များမှ ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆင်းသက်လာမည့် အမေရိကန်စစ်သားများ ကို "သူတို့လွတ်မြောက်ရေးအတွက် ကယ်ဆယ်ပေးကြမည့် တပ်ဖွဲ့များ" ဟု အထင်မှားနိုင်ကြပါသည်။ ဤအချိန်တွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ ပြင်ပနေရာများတွင်ပါ လူထုအုံကြွမှုများ မီးမွှေးပေးလိုက်သလို ထတောက်လာကြမည်မှာ သံသယရှိစရာ မလိုပါ။ မုန်တိုင်းဒဏ်သင့်၍ ရှင်ကျန်ရစ်ရသူများက အကူအညီများ တောင်းဆိုကြမည့်အပြင်၊ ယခုအခါ ယာယီဒုက္ခသည်စခန်းများမှ နှင်ထုတ်ခံနေကြရသည့် ဒုက္ခသည်များကလည်း အကူအညီတောင်းကြမည်မှာ မလွဲပါ။ မြန်မာတပ်ဖွဲ့များနှင့် နိုင်ငံခြားတပ်ဖွဲ့များအကြား လက်နက်ကိုင် ပြိုင်ဆိုင်ရမှုများလည်း ရှိလာနိုင်ပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည်ပင် စစ်မြေပြင်တလင်း ဖြစ်သွားနိုင်ပါသေးသည်။

သို့သော်လည်း ဤစစ်ပွဲများ ဖြစ်လာပါက ဧရာဝတီမြစ်ဝကျွန်းပေါ်မျှနှင့်ပင် တန့်နေလိမ့်မည် မဟုတ်ပါ။ နေပြည်တော်ရှိ ဖိနှိပ်အုပ်ချုပ်နေသည့် စစ်အစိုးရကို ဆန့်ကျင်မည့် နိုင်ငံလုံးဆိုင်ရာ လူထုအုံကြွမှုလည်း ဖြစ်သွားနိုင်ပါသေးသည်။

အမေရိကန်စစ်သားများကို ဗိုလ်ချုပ်သန်းရွှေ၏ ခံတပ် နေပြည်တော်ကို တိုက်ခိုက်ရန်နှင့် စစ်အစိုးရကို ဖယ်ရှားပေးရန် တောင်းဆိုမှုများလည်း ဖြစ်လာနိုင်ပါသည်။ လေ့လာသူများနှင့် အတိုက်အခံများက ဗိုလ်ချုပ်သန်းရွှေ၏ စစ်အစိုးရကို ဖြုတ်ချရန် နာရီဝက်မျှပင် မကြာနိုင်ဟု ဆိုကြပါသည်။ ဗိုလ်ချုပ်သန်းရွှေနှင့် ၎င်း၏ လက်ဝေခံ လူ ၂၀ ကျော်ခန့် အုပ်စု ကိုသာ ဖယ်ရှားလိုက်ရန် လိုအပ်ပါသည်။

မြန်မာစစ်တပ်ကပါ ဤသို့သော သမိုင်းဝင်အခွင့်အရေးမျိုးကို ပူးပေါင်းလက်တွဲ ဆင်နွှဲကြလိမ့်မည်ဟု လူအများက ယုံကြည်ထားကြပါသည်။

ဤအဖြစ်က ယခုတကြိမ်တွင်လည်း စိတ်ကူးယဉ်အိပ်မက်အဖြစ်မျှသာ ကျန်ခဲ့ပြီ ဖြစ်သည်။ ဗိုလ်ချုပ်သန်းရွှေကို တရားဥပဒေရှေ့မှောက် ပို့နိုင်ရန် အခွင့်အရေးမှ တကြိမ်လွဲချော်ရောင်နိုင်ခဲ့ပြန်ပြီ ဖြစ်ပြီး၊ ပြည်သူပြည်သား ထောင်ပေါင်းများစွာ၏ အသက်ကို စတေး၍ သူ၏ လွတ်ရာလွတ်ကြောင်း လမ်းရှာဖွေနိုင်ခဲ့ပြန်ပြီ ဖြစ်သည်။ စစ်သင်္ဘောများကလည်း ဒုက္ခသည်များကို ကယ်ဆယ်ရေးအကူအညီများ မပေးနိုင်ဘဲ လက်ပိုက်ကြည့်နေခဲ့ရပါသည်။

ဤစစ်သင်္ဘောများကို မြန်မာ့ရေပိုင်နက်အတွင်းသို့ ဝင်ခွင့်မပြုနိုင်ကြောင်း အမေရိကန်ပြည်ထောင်စုက ကနဦးကပင် သိရှိထား၊ ကြိုတွက်ထားသည်လည်း ဖြစ်နိုင်ပါသည်။ သူတို့၏ တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးပစ္စည်းများကို ချပေးရမည့်အစား လူမှုန်းများလှသည့် စစ်အစိုးရကို ဖယ်ရှားရခြင်းမျိုးနှင့်လည်း နောက်ဆုံး ကြုံကြိုက်ရကောင်း ကြုံရနိုင်ပါသည်။ ယခုသူတို့ ကြုံကြိုက်ရသည့် တာဝန်သည်လည်း မပြီးဆုံးသေးသည့် တာဝန်မျိုး ဖြစ်နိုင်ပါသည်။ သူတို့အတွက် မခက်ခဲလှသည့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအရှုပ်ကို ရှင်းရန်လည်း ဖြစ်နိုင်ပါသည်။ သို့သော်လည်း သေချာသည်မှာ ဤတာဝန်က နာဂစ် ဆိုက်ကလုန်းမုန်တိုင်းကြောင့် ကျန်ခဲ့သည့် အပျက်အစီးများကို ရှင်းလင်းရသည်လောက် ခက်ခဲပင်ပန်းလှမည် မဟုတ်ခြင်းပင်။
The Irrawwady